# ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ

## ဤဥပဒေသည် ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့ မှ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်ထိ

## အကျိုးသက်ရောက်ပါသည်

၂၀၂၃ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေ နှင့် ၂၀၂၄ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပါအခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန်အခွန်နှုန်းပြဋ္ဌာန်းချက် ပြောင်းလဲမှုများအား Competency Business Solution Co., Ltd မှ အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါသည်-

**<u>အထူးကုန်စည်ခွန်</u>**

| | | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် | | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် | |
|---|---|---|---|---|---|
| **စဉ်** | **အထူးကုန်စည် အမျိုးအစား** | **တန်ဖိုးအဆင့်** | **အခွန်နှုန်း** | **တန်ဖိုးအဆင့်** | **အခွန်နှုန်း** |
| ၁ | စီးကရက်အမျိုးမျိုး | အလိပ်၂၀အထိပါ တစ်ဘူး ရောင်းဈေး ၇၀၀ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၀ ကျပ် | အလိပ်၂၀အထိပါ တစ်ဘူးရောင်းဈေး ၈၀၀ကျပ်အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၃ကျပ် |
| ၂ | အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀ကျပ် မှ ၁,၄၀၀ ကျပ် အထိအဆင်ဖြစ်လျှင် | တစ်လီတာ ၂၀၉ ကျပ် | တစ်လီတာတန်ဖိုး ၄၀၀ကျပ်မှ၂,၀၀၀ကျပ် အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၇ ကျပ် |
| ၃ | ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁ကျပ် မှ ၈၅၀ ကျပ် အထိအဆင်ဖြစ်လျှင် | တစ်လီတာ ၉၂ ကျပ် | တစ်လီတာတန်ဖိုး ၁ကျပ် မှ ၁,၄၀၀ ကျပ် အထိအဆင်ဖြစ်လျှင | တစ်လီတာ ၁၇၆ ကျပ် |
| | | | | | |

**အထက်ဖော်ပြပါ အထူးကုန်စည်အမျိုးအစား(၃)မျိုးမှလွဲ၍ ကျန်အထူးကုန်စည်အမျိုးအစားနှင့် အခွန်းနှုန်းထားများသည်၂၀၂၃ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်၂၀၂၄ခုနှစ် ပြည်ထောင်**

**စု၏အခွန် အကောက်ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ပြောင်းလဲခြင်း မရှိပါ။**

## <u>ကုန်သွယ်လုပ်ငန်းခွန်</u>

**(က) ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သော ကုန်စည်အမျိုးအမည်များမှ အောက်ပါကုန်စည်တစ်မျိုးမှ လွဲ၍ ကျန်ကုန်စည်အမျိုးအမည်များသည် ၂၀၂၃ခုနှစ် ပြည်ထောင် စု၏အခွန်အကောက်ဥပဒေ နှင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါပြဋ္ဌာန်းချက်များ အတိုင်းပြောင်းလဲခြင်းမရှိပါ။**

| စဉ် | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (ထပ်တိုး) ကုန်စည်အမျိုးအမည် |
|---|---|
| | **အထွေထွေကုန်စည်များ** |
| | ကုန်စည်ချို့ယွင်းပျက်စီးမှုကြောင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီပြည်ပသို့တင်ပို့၍ ပြင်ဆင်ပြီးပြန်လည်တင်သွင်းခြင်း (Repairs and Return) စနစ်ဖြင့် မူရင်းကုန်စည်၏ အခြေအနေပျက်ယွင်းမှု မရှိဘဲ ပြန်လည်တင်သွင်းလာသော ကုန်စည်များ။ |

**(ခ) ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သော ဝန်ဆောင်မှုအမျိုးအမည်များသည် ၂၀၂၃ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၂၄ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါပြဋ္ဌာန်းချက်များ အတိုင်းပြောင်းလဲခြင်းမရှိပါ။**

## <u>ဝင်ငွေခွန်</u>

**၂၀၂၃ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်ခြင်းဥပဒေအတိုင်း**

**၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ တွင် ဖော်ပြထားသည်မှာ-**

(က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ ဝင်ငွေခွန်ဥပဒေ ပုဒ်မခွဲ (က)ပါ ဝင်ငွေခေါင်းစဉ်များ အနက် လစာမှအပ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် တစ်ဆယ်ရာခိုင်နှုန်း ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ဝင်ငွေခွန်နည်းဥပဒေများတွင်မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ပနေ နိုင်ငံသား၏ နိုင်ငံခြား ငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် အောက်ပါနည်းလမ်း(၂)ရပ်အနက် **နည်းရာကျသင့် အခွန်**ကို ရရှိသည့် **နိုင်ငံခြားငွေအမျိုးအစားဖြ**င့်ဝင်ငွေခွန်စည်းကြပ်ရမည်-

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ဤဥပဒေ၏ ပုဒ်မ၁၉၊ ပုဒ်မခွဲ(ဂ) ပါအခွန်နှုန်းထားဖြင့် ဝင်ငွေခွန်စည်းမျဉ်းများစည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီတွက်ချက်၍ စည်းကြပ်ခြင်း၊

(၂) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်း မပြုဘဲ နှစ်ရာခိုင်နှုန်း ဖြင့်တွက်ချက်၍ စည်းကြပ်ခြင်း၊

(ဂ) ဤပုဒ်မအရ တွက်ချက်ရရှိသည့် အခွန်မှ တွက်ချက်သည့် ဝင်ငွေအမျိုးအစားအလိုက် ပြည်ပတွင် ပေးဆောင်ခဲ့ရသည့်အခွန်ကို ခုနှိမ်ပေးရမည်။

**ဝင်ငွေခွန်အမျိုးအစားများနှင့်အခွန်းနှုန်းထားများသည် ၂၀၂၃ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေနှင့်၂၀၂၄ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်းပြောင်းလဲခြင်း မရှိပါ။**

## ရတနာခွန်

**ကျောက်မျက်ရတနာအမျိုးအစားများနှင့် အခွန်းနှုန်းထားများသည် ၂၀၂၃ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၂၄ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပပြဋ္ဌာန်းချက်များအတိုင်း ပြောင်း လဲခြင်း မရှိပါ။**